# ကိုယ်တော်ပေါ်ထွန်းတော်မူခြင်းမတိုင်မီ
# သခင်ဘုရားပြန်လည်ရယူခြင်း၏
# အလယ်ဗဟိုကျသောဝန်တာနှင့်
# မျက်မှောက်ခေတ်သမ္မာတရားကို
# ခြုံငုံသုံးသပ်ခြင်း

**အဓိကသော့ချက်များ**

သမ္မာကျမ်းစာ၏ “သတ္တာ”၌ရှိသော “စိန်”မှာ
ခရစ်တော်၌ ဘုရားသခင်သည် လူဖြစ်လာပြီး၊ လူကို ကိုးကွယ်ခံ၌မဟုတ်ဘဲ
အသက်၌၊ သဘောသဘာဝ၌ ဘုရားဖြစ်လာစေရန် ဟူသော
ဖွင့်ပြခြင်းဖြစ်၍၊ ယင်းမှာ ယေရုရှလင်မြို့သစ်ကို ပြီး မြောက်ပြည့်စုံစေမည့်
ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် ဖြစ်သည်။

ယနေ့ ကျွန်ုပ်တို့ဝင်ရောက်ရမည့်၊ ကျွန်ုပ်တို့အသက်ရှင်ခြင်းရှိရမည့်
ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်သည် အမှန်တွင်
သုံးပါးတစ်ပါးဘုရား၏ ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာနယ်ပယ်မျှသာ
မဟုတ်ပါ၊ ယင်းသည် ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော်နှင့်
နှိုမက်တစ်ခရစ်တော်၏ ဘုရားဆိုင်ရာနှင့်နက်နဲခြင်းဆိုင်ရာ
နယ်ပယ်ဖြစ်သည်။

ခရစ်တော်၌တည်နေရန်၊ ကိုယ်တော်ကို ကျွန်ုပ်တို့၏ကိန်းဝပ်ရာအဖြစ်
ယူဆောင်ခြင်းနှင့် ကျွန်ုပ်တို့၌ ကိုယ်တော်ကို တည်နေခွင့်ပေးရန်၊
ကျွန်ုပ်တို့ကို ကိုယ်တော်၏ကိန်းဝပ်ရာအဖြစ် ယူဆောင်စေခြင်းတို့မှာ
အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသောသုံးပါးတစ်ပါးဘုရားနှင့်
ရွေးနုတ်ခံ၊ အသစ်မွေးဖွားခံသော ယုံကြည်သူများ၏ စကြဝဠာဆိုင်ရာ
ပေါင်းစည်းပါဝင်ခြင်း၏ စစ်မှန်ခြင်း၌ အသက်ရှင်ခြင်းဖြစ်သည်။

ယေရုရှလင်မြို့သစ်သည် ဘုရားဇာတိနှင့် လူသားဇာတိ၏
တစ်ခုတည်းသောထုံးဖွဲ့မှုအဖြစ် အတူတကွ ရောနှောခြင်း၊
ပေါင်းစည်းခြင်းနှင့် တည်ဆောက်ခြင်း ထုံးဖွဲ့ပါဝင်မှုဖြစ်သည်။
ပါဝင်သောအရာအားလုံးသည် တူညီသောအသက်၊
သဘောသဘာဝနှင့် စေ့စပ်ထုံးဖွဲ့မှုရှိပြီး၊
စုပေါင်းထားသောပုဂ္ဂိုလ် - သိုးသငယ်၏သတို့သမီး၊ ဇနီးဖြစ်သည်။

*© 2023 Living Stream Ministry*

Message One

## ဘုရားသခင့်စီမံကိန်း၏အဆုံးစွန်သောပန်းတိုင် - ဘုရားသခင်သည် လူဖြစ်လာခြင်းမှာ လူသည် ကိုးကွယ်ခံအရာ၌မဟုတ်ဘဲ အသက်၌၊ သဘောသဘာဝ၌ ဘုရားသခင်ဖြစ်လာ၍ ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေမည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက်ဖြစ်ခြင်း

ဖတ်ရန်ကျမ်း။ ။ ဧ၁း၄-၅။ ၅း၂၆-၂၇။ ဟေဗြဲ၂း၁၀-၁၁။ ၁သက်၊၅း၂၃

**I. သမ္မာကျမ်းစာ၏ "သတ္တာ"၌ရှိသော "စိန်"မှာ ခရစ်တော်၌ ဘုရားသခင်သည် လူဖြစ်လာပြီး၊ လူကို ကိုးကွယ်ခံ၌မဟုတ်ဘဲ အသက်၌၊ သဘောသဘာဝ၌ ဘုရားဖြစ်လာစေရန် ဟူသော ဖွင့်ပြခြင်းဖြစ်၍၊ ယင်းမှာ ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေမည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် ဖြစ်သည်။**

A. "နှစ်ပေါင်းများစွာ ကြာပြီးနောက် ဘုရားသခင်က ကျွန်ုပ်တို့ကို သိစေသော တစ်ခုတည်းသောအရာမှာ - ဘုရားသခင်သည် လူဖြစ်လာ၍ လူကို ကိုးကွယ်ခံအရာ၌မဟုတ်ဘဲ၊ အသက်၌၊ သဘောသဘာဝ၌ ဘုရားဖြစ်လာစေရန်ဖြစ်ခြင်း - ဖြစ်သည်။ ဤအရာသည် ကျွန်ုပ်၏ အတုမဲ့သောဝန်တာ၊ ကျွန်ုပ်၏အတုမဲ့သော ဝေငှချက်ဖြစ်သည်" (*The Practical Way to Live a Life according to the High Peak of the Divine Revelation in the Holy Scriptures,* p. 27)။

B. ဘုရားသခင်၏ထာဝရစီမံကိန်းမှာ လူကို ကိုးကွယ်ခံအရာ၌မဟုတ်ဘဲ အသက်နှင့် သဘောသဘာဝ၌ ကိုယ်တော်နှင့်တူညီစေရန်၊ မိမိကိုယ်တော်တိုင်ကို လူနှင့် တစ်လုံးတစ်ဝဖြစ်ရန်၊ လူကို ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်စေရန်ဖြစ်ပြီး၊ ထိုသို့ဖြင့် ကိုယ်တော်၏ထင်ရှားခြင်း၌ ကြီးမားခြင်းနှင့် ကျယ်ပြန့်ခြင်းဖြစ်စေကာ၊ ကိုယ်တော်၏ဘုရားဆိုင်ရာဂုဏ်အင်္ဂါများအားလုံးကို လူသားကောင်းမြတ်ခြင်းများ၌ ထင်ရှားစေမည်ဖြစ်သည် - ၁တိ၊၁း၃-၄။ ဧ၃း၉။ ၁း၁၀။

C. ဘုရားသခင်သည် လူကို အထူးဖြစ်သောနည်းလမ်း၌ - ကိုယ်တော်၏ပုံသဏ္ဍာန်၌ ကိုယ်တော်နှင့် တစ်ညီတည်း၊ ကိုယ်တော်ကို ဆက်သွယ်ရန်နှင့် ကိုယ်တော်ကို လက်ခံရရှိရန် ဝိညာဉ်နှင့်အတူ ဖန်ဆင်းခဲ့သည်။ ဘုရားသခင်သည် လူသားမျိုးနွယ်ကို မဖန်ဆင်းခဲ့ပါ၊ ကိုယ်တော်၏အမျိုးအစားအတိုင်းဖြစ်သော လူကို ဖန်ဆင်းတော်မူခဲ့ခြင်းဖြစ်သည် - က၊၁း၂၆။ ၂း၇။ ဇာ၊၁၂း၁။

D. ဘုရားသခင်သည် လူဖြစ်လာခြင်းမှာ မိမိကိုယ်တော်တိုင်၏ အမြောက်အမြား ပုံတူပွားထုတ်လုပ်ခြင်းကို ရရှိရန်နှင့် ထိုသို့ဖြင့် အသစ်သောအမျိုးအစားကို ထုတ်လုပ်ရန် ဖြစ်သည် - ယော၊၁း၁၊ ၁၄။ ၁၂း၂၄။

1. ဤအသစ်သောအမျိုးအစားမှာ ဘုရားအမျိုးအစားလည်းမဟုတ်၊ လူသားအမျိုးအစားလည်းမဟုတ်ပါ - ယင်းသည် ဘုရား-လူအမျိုးအစား ဖြစ်သည်။

2. "ကျွန်ုပ်၏ဝန်တာမှာ ဘုရားသခင်၏စီမံကိန်းနှင့် အကြံအစည်သည် မိမိကိုယ်တော်တိုင်ကို လူဖြစ်စေ၍၊ ကိုယ်တော်၏ ဖန်ဆင်းခံများဖြစ်သော ကျွန်ုပ်တို့ကို 'ဘုရား' ဖြစ်စေရန်ဖြစ်ပြီး၊ ထိုသို့ဖြင့် ကိုယ်တော်သည် 'လူဖြစ်လာစေခြင်း'နှင့် ကျွန်ုပ်တို့သည် 'ဘုရားဖြစ်လာစေခြင်း' ဖြစ်ကြောင်း သင်တို့အား ရှင်းလင်းစွာ ပြသရန်ဖြစ်သည်" (*A Deeper Study of the Divine Dispensing*, pp. 51-52)။

   a. ကျွန်ုပ်တို့သည် ကြီးမားသည့် ဘုရားသခင်၏ ဖွားမြင်ခြင်းခံရသည်၊ ထို့ကြောင့် ကျွန်ုပ်တို့သည် ကိုးကွယ်ခံအရာ၌ မဟုတ်ဘဲ၊ အသက်နှင့် သဘောသဘာဝ၌ ဘုရားဖြစ်လာကြသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ကြီးမြတ်သော မူလအစပြုသူအဖြစ် ဘုရားသခင်နှင့် တန်းတူသတ်မှတ်ခံရပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏သားများဖြစ်ကြသည် - ဂလ၊၄း၆။ ဟေရှာ၊၆၃း၁၆။ ၆၄း၈။ ၆၆း၁၂-၁၃။

   b. ကိုယ်တော်သည် ဘုရား-လူဖြစ်လာခဲ့သည်၊ သို့မှသာ လူသည် လူ-ဘုရားဖြစ်လာနိုင်မည်။ နောက်ဆုံးတွင် ကိုယ်တော်နှင့် ကျွန်ုပ်တို့သည် တူညီသောအတန်းအစား၊ တူညီသော အမျိုးအစား၊ တူညီသော အဆင့်၌ ရှိကြသည်။

E. ကနဦးအသင်းတော်ဖခင်ကြီးများမှ တစ်ဦးဖြစ်သော အေသန်နေဆီးယပ်စ်က ခရစ်တော်နှင့် စပ်လျဉ်း၍ "ကိုယ်တော်သည် လူဖြစ်လာခဲ့ခြင်းမှာ ကျွန်ုပ်တို့ကို ဘုရားဖြစ်စေရန်ဖြစ်သည်"ဟူ၍လည်းကောင်း၊ "နှုတ်ကပတ်တော်သည် အသွေးအသားဖြစ်

လာခြင်းမှာ ကိုယ်တော်၏ဝိညာဉ်တော်ကို ပါဝင်ဆက်ဆံသော ကျွန်ုပ်တို့သည် ဘုရားဖြစ်စေခြင်း ခံရရန်ဖြစ်သည်”ဟူ၍ လည်းကောင်း ပြောခဲ့သည်။

**II. ထာဝရဖြစ်သော သုံးပါးတစ်ပါးဘုရား၏ ကိုယ်တော် လူဖြစ်လာခြင်း၌ အံ့ဩဖွယ်အကောင်းဆုံး၊ အထူးကဲဆုံး၊ အနက်နဲဆုံး၊ အရာအားလုံးပါဝင်သော ပုံသဏ္ဌာန်ပြောင်းလဲခြင်းများမှာ ကိုယ်တော်၏ထာဝရစီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် လူ၌ ဘုရားသခင်၏လှုပ်ရှားမှုပင်ဖြစ်သည် - ယော၊၁း၁၄၊ ၂၉။ ၃း၁၄။ ၁၂း၂၄။ တ၊၁၃း၃၃။ ၁ပေ၊၁း၃။ ၁ကော၊၁၅း၄၅ခ။ တ၊၂း၃၆။ ၅း၃၁။ ဟေဗြဲ၊၄း၁၄။ ၉း၁၅။ ၇း၂၂။ ၈း၂။**

A. ဤပုံသဏ္ဌာန်ပြောင်းလဲခြင်းများသည် ဖြစ်စဉ်များဖြစ်ပြီး၊ ယင်းမှာ သုံးပါးတစ်ပါးဘုရားသည် ဘုရား-လူတစ်ဦးဖြစ်လာခြင်း၊ ဘုရားဇာတိကို လူသားဇာတိအထဲသို့ ယူဆောင်လာခြင်းနှင့် များစွာသော ဘုရား-လူများကို အမြောက်အမြားပုံတူပွားထုတ်လုပ်ခြင်းအတွက် ပုံစံခွက်အဖြစ် ဘုရားဇာတိနှင့် လူသားဇာတိကို ရောနှောပေါင်းစည်းခြင်းတို့ကို ဖြတ်ကျော်သည့်ဖြစ်စဉ်များဖြစ်သည်။ ကိုယ်တော်သည် သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းဖြစ်လာခဲ့ပြီး၊ ဘုရားသခင်ကို လူထံသို့ ယူဆောင်လာ၍၊ ဘုရားသခင်ကို ဆက်သွယ်နိုင်သော၊ ထိတွေ့နိုင်သော၊ လက်ခံရယူနိုင်သော၊ တွေ့ကြုံခံစားနိုင်သော၊ ဝင်ရောက်နိုင်သော၊ မွေ့လျော်ဝမ်းမြောက်သောအရာ ဖြစ်စေသည် - ယော၊၁း၁၄။ ၁၂း၂၄။ ကော၊၂း၉။

B. ဘုရားသခင်က ဤပုံသဏ္ဌာန်ပြောင်းလဲခြင်းများကို ဟောရှေ ၁၁း၄ ၌ “လူကို ဆွဲတတ်သော ကြိုးလုံးများတည်းဟူသော / မေတ္တာကြိုးများနှင့် သူတို့ကို ငါဆွဲငင်၏”ဟူ၍ ပြောထားခဲ့သည်။ *လူကိုဆွဲတတ်သော ကြိုးလုံးများဖြင့်၊ မေတ္တာကြိုးများဖြင့်* ဟူသောစကားစုများမှာ ဘုရားသခင်သည် ကိုယ်တော်၏ဘုရားဆိုင်ရာမေတ္တာ၌ ဘုရားဇာတိအဆင့်၌မဟုတ်ဘဲ လူသားဇာတိအဆင့်၌ ကျွန်ုပ်တို့ကို ချစ်ခဲ့ကြောင်း ပုံဆောင်သည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ဘုရားဆိုင်ရာဖြစ်သော်လည်း၊ ၎င်းသည် လူကိုဆွဲတတ်သောကြိုးလုံးများ၌၊ ယင်းမှာ ခရစ်တော်၏လူသားဇာတိမှတဆင့် ကျွန်ုပ်တို့ထံ ရောက်ရှိလာခဲ့သည်။

1. ဘုရားသခင်က ကျွန်ုပ်တို့ကို ဆွဲငင်သည့် ကြိုးလုံးများ (ပုံသဏ္ဌာန်ပြောင်းလဲခြင်းများ၊ ဖြစ်စဉ်များ) တွင် ခရစ်တော်၏ လူ့ဇာတိခံခြင်း၊ လူသားအသက်ရှင်ခြင်း၊ ကားတိုင်ပေါ်အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းတို့ပါဝင်သည်။ လူသားဇာတိ၌ ခရစ်တော်၏ ဤအဆင့်များအားလုံးဖြင့် ဘုရားသခင်၏မေတ္တာသည် ကိုယ်တော်၏ကယ်တင်ခြင်း၌ ကျွန်ုပ်တို့ထံ ရောက်ရှိလာသည် - ယေ၊၃၁း၃။ ယော၊၃း၁၄၊ ၁၆။ ၆း၄၄။ ၁၂း၃၂။ ရော၊၅း၅၊ ၈။ ၁ယော၊၄း၈-၁၀၊ ၁၆၊ ၁၉။

2. ခရစ်တော်မှကင်းကွာလျက် ဘုရားသခင်၏ အစဉ်အမြဲတည်သော မေတ္တာ၊ ကိုယ်တော်၏ မပြောင်းလဲသော၊ သိမ်းပိုက်လွှမ်းမိုးသော မေတ္တာသည် ကျွန်ုပ်တို့ထံ ဆက်နွယ်ခြင်း၌ အောင်မြင်လွှမ်းမိုးခြင်း ရှိနိုင်မည်မဟုတ်ပါ။ ဘုရားသခင်၏ မပြောင်းလဲသောမေတ္တာသည် အောင်မြင်လွှမ်းမိုးရခြင်းမှာ ၎င်းသည် ခရစ်တော်၌၊ ခရစ်တော်နှင့်အတူ၊ ခရစ်တော်အားဖြင့်၊ ခရစ်တော်အတွက် ဖြစ်သော မေတ္တာဖြစ်သောကြောင့် ဖြစ်သည်။

3. ကျွန်ုပ်တို့၏ကျဆင်းမှုများနှင့် အမှားများကို မမှုဘဲ၊ ဘုရားသခင်၏ မေတ္တာတော်သည် အမြဲပင် အောင်မြင်ခြင်းရှိသည်။ မေတ္တာသည် အရာခပ်သိမ်းကို ရှင်သန်စေကာ၊ မိမိ၏နေရာကို အမြဲစွဲကိုင်ထားသည်။ မေတ္တာသည်သာလျှင် ရင့်ကျက်သောလူ၏ ဝိသေသလက္ခဏာဖြစ်ပြီး၊ ထာဝရကာလပတ်လုံး ကျန်ရှိနေမည်ဖြစ်သည် - ရော၊၈း၃၅-၃၉။ ၁ကော၊၁၃း၈-၁၁။ ယေ၊၃၁း၃။

C. ရှေးအချိန်မှစ၍၊ ထာဝရနေ့ရက်များမှစ၍ သုံးပါးတစ်ပါးဘုရားသည် ထာဝရမှ အချိန်အထဲသို့ ဝင်ရောက်လာရန်၊ ဗက်လင်မြို့၌ လူတစ်ဦးအဖြစ် မွေးဖွားခြင်းအားဖြင့် လူသားဇာတိအထဲသို့ ကိုယ်တော်၏ဘုရားဇာတိနှင့်အတူ ဝင်ရောက်လာရန် ပြင်ဆင်ခဲ့ပြီဖြစ်သည် - မိ၊၅း၂။

1. လူ့ဇာတိခံခြင်း၏ ရည်ရွယ်ချက်မှာ ဘုရားသခင်ကို လူအထဲသို့ ယူဆောင်လာ၍၊ ဘုရားသခင်ကို လူဖြစ်လာစေပြီး၊ ထိုသို့ဖြင့် လူကို ကိုးကွယ်ခံ၌မဟုတ်ဘဲ ကိုယ်တော်၏အသက်၌၊ ကိုယ်တော်၏သဘောသဘာဝ၌ ဘုရားဖြစ်လာစေရန် ဖြစ်သည်။ ကိုယ်တော်သည် လူတို့အဖို့ ကိုးကွယ်ရန် ကိုယ်တော်၏ကိုးကွယ်ခံဦးခေါင်းအရာ၌ တုနှိုင်းရာမဲ့ ဘုရားသခင်ဖြစ်

တော်မူသည်၊ သို့သော် ကျွန်ုပ်တို့သည် ကိုးကွယ်ခံအရာ၌မဟုတ်ဘဲ၊ အသက်၌၊ သဘောသဘာဝ၌သာ ဘုရားဖြစ်ခြင်း ဖြစ်သည်။

2. လူ၌၊ လူမှတဆင့် ဘုရားသခင်၏လှုပ်ရှားမှုမှာ လူကို ဘုရားဖြစ်စေရန်၊ လူကို ကိုးကွယ်ခံအရာ၌မဟုတ်ဘဲ၊ အသက်၌၊ သဘောသဘာဝ၌၊ လုပ်ဆောင်ချက်၌၊ ထင်ရှားခြင်း၌ ဘုရားဖြစ်လာစေရန်ဖြစ်သည်။ "ဝိညာဉ်တော် သန့်ရှင်းခြင်း"သည် ကျွန်ုပ်တို့ဝိညာဉ်အထဲသို့ ဝေငှဖြန့်ဖြူးခဲ့ပြီးဖြစ်သောကြောင့် ကျွန်ုပ်တို့နှင့် ဝိညာဉ်တော်သည် တစ်ဝိညာဉ်တည်းဖြစ်ကြပြီး (ရော၊၈း၁၆။ ၁ကော၊၆း၁၇)၊ ကျွန်ုပ်တို့၏ဝိညာဉ်သည် ယခုတွင် "သန့်ရှင်းသော ဝိညာဉ်"ဖြစ်လာသည် (၂ကော၊၆း၆)။

3. ထို့ကြောင့် ဘုရား-လူများအနေဖြင့် ကျွန်ုပ်တို့သည် အရာအားလုံးပါဝင်သောဝိညာဉ်တော် မပါဘဲ မည်သည့် အပြုအမူမျှ မလုပ်သင့်ပါ၊ မည်သည့်အခြေအနေကိုမျှ မရင်ဆိုင်သင့်ပါ သို့မဟုတ် မည်သည့်လိုအပ်ချက်ကိုမျှ မဖြည့်ဆည်းသင့်ပါ။ ယနေ့ ကျွန်ုပ်တို့ယူဆောင်ရမည့်လမ်းမှာ ဝိညာဉ်တော်၏လှုပ်ရှားမှု၌ လှုပ်ရှားခြင်းနှင့် ဝိညာဉ်တော်၏လှုပ်ရှားမှုကို ကျွန်ုပ်တို့၏လှုပ်ရှားခြင်း၌ ရှိစေခြင်းနည်းလမ်းဖြစ်သည် - ဗျာ၊၂၂း၁၇က။ ရော၊၈း၄။ ဂလ၊၅း၂၅။ ရော၊၁း၉။ ဖိ၊၃း၃။ ညွှန်း၊ ယေ၈၊၁း၁၅-၂၁။

4. တမန်တော်ဝတ္ထု၌ လူသည် ဘုရားသခင်၏လှုပ်ရှားမှု၌ လှုပ်ရှားလုပ်ဆောင်ပြီး၊ ဘုရားသခင်သည် လူ၏လှုပ်ရှားမှု၌ လှုပ်ရှားလုပ်ဆောင်သည်။ ထို့ကြောင့် တမန်တော်များသည် ပြုမူလုပ်ဆောင်သောဘုရားသခင်၊ လုပ်ဆောင်ချက်၌ရှိသော ဘုရားသခင်ဖြစ်လာကြသည် - ၁၆း၆-၁၀။

**III. ကျွန်ုပ်တို့သည် ကိုးကွယ်ခံ၌မဟုတ်ဘဲ အသက်၌၊ သဘောသဘာဝ၌ ဘုရားဖြစ်လာခြင်းမှာ ထာဝရအတိတ်ကာလမှ ကိုယ်တော်က ကျွန်ုပ်တို့ကို သန့်ရှင်းခြင်းဖြစ်ရန် ရွေးချယ်ခြင်း၊ သားအရာသို့ ကျွန်ုပ်တို့ကို ကြိုတင်ခွဲခန့်မှတ်သားခြင်းအားဖြင့် ခမည်းတော် ဘုရားသခင်က အစပြုခဲ့ခြင်းဖြစ်သည်။ ဘုရားဆိုင်ရာသားအရာအတွက် ဘုရားဆိုင်ရာ သန့်ရှင်းစင်ကြယ်ပေးခြင်းသည် ဘုရားဆိုင်ရာစီမံကိန်း၏ အလယ်ဗဟိုဖြစ်ပြီး၊ ဓမ္မသစ်ကျမ်း၌ ဖွင့်ပြထားသည့် အလယ်ဗဟိုစဉ်းစားချက်ဖြစ်သည် - ဧ၊၁း၄-၅။**

A. သန့်ရှင်းစင်ကြယ်ခံရခြင်းမှာ သန့်ရှင်းခြင်းဖြစ်စေရန်၊ ယင်းမှာ ဘုရားသခင်ထံသို့ ခွဲခြားခံရ၍၊ သန့်ရှင်းတော်မူသောအရှင်၊ သာမန်ဖြစ်သော အရာခပ်သိမ်းမှ ခြားနားသော၊ သီးခြားဖြစ်သော အရှင်အဖြစ် ဘုရားသခင်ဖြင့် ပျော်ဝင်ပြည့်ဝခြင်းရှိရန်ဖြစ်သည် - ၁ပေ၊၁း၁၅-၁၆။ ဧ၊၁း၄-၅။

B. မြေကြီးတိုက်မြစ်မချမီက ခရစ်တော်၌ <u>ကျွန်ုပ်တို့ကို ရွေးချယ်တော်မူခြင်း</u> မှာ <u>သဘောသဘာဝ၌ ဘုရားဖြစ်လာစေရန်အလို့ငှာ သန့်ရှင်းခြင်းဖြစ်စေဖို့</u> ဖြစ်သည် (အငယ်၊၄)။ ဘုရားသခင်သည် သန့်ရှင်းတော်မူသော တစ်ပါးတည်းသောအရှင်ဖြစ်သည်။ ကျွန်ုပ်တို့ သန့်ရှင်းခြင်းဖြစ်လာရန် ကျွန်ုပ်တို့သည် ဘုရားသခင်က ကိုယ်တော်၏သန့်ရှင်းသောသဘောသဘာဝ၌ ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပေးခြင်းကို လိုအပ်ပြီး၊ ဤသန့်ရှင်းသောသဘာသဘာဝသည် သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့ကို သန့်ရှင်းစင်ကြယ်ခြင်းရှိစေသော သန့်ရှင်းသောဒြပ်သဘာဝဖြစ်လာသည် (၂ပေ၊၁း၄။ ဟေဗြဲ၊၁၂း၁၄)။

C. ကျွန်ုပ်တို့ကို မဖန်ဆင်းမီကပင် <u>ကိုယ်တော်သည် ကျွန်ုပ်တို့ကို သားအရာသို့ ကြိုတင်ခွဲခန့်မှတ်သားထားခြင်း</u> မှာ <u>ကျွန်ုပ်တို့သည် အသက်၌ ဘုရားဖြစ်လာရန်အလို့ငှာ</u> ဖြစ်သည် (ဧ၊၁း၅)။ ကျွန်ုပ်တို့ ဘုရားသခင်၏သားများဖြစ်လာရန်အတွက် ကျွန်ုပ်တို့သည် ဘုရားသခင်၏အသက်ကို ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ဝေငှဖြန့်ဖြူးခြင်းအားဖြင့် ဘုရားသခင်၏မွေးဖွားခြင်းခံရမည် ဖြစ်သည် (ယော၊၁း၁၂-၁၃။ ၃း၆။ ၁ယော၊၅း၁၁-၁၂)။

1. ဧဖက် ၁း၄-၅ တွင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဘုရားသခင်၏သားများဖြစ်စေခြင်း အကြံအစည်တော်အတွက် ကျွန်ုပ်တို့အား သန့်ရှင်းခြင်းဖြစ်စေရန် ရွေးချယ်ထားကြောင်း ဖွင့်ပြထားသည်။ သန့်ရှင်းခြင်းဖြစ်စေခြင်းမှာ ရည်မှန်းချက် ပန်းတိုင်ဖြစ်သော ဘုရားသခင်၏သားဖြစ်စေခြင်းအတွက် ဖြစ်စဉ်၊ လမ်းစဉ်ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့ကိုယ်ခန္ဓာ အပါအဝင် ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံးကို (ရော၊၈း၂၃) ဘုရားသခင်အား "သားဖြစ်စေခြင်း" ရှိနိုင်မည်ဖြစ်သည် (ဗျာ၊ ၂၁း၂၊ ၉-၁၁)။

2. ဟေဗြဲ၂း၁၀-၁၁ ၌ ဘုရားသခင့်ကယ်တင်ခြင်း၏ တပ်မှူး၊ လက်ရာရှင်အဖြစ် ရှင်ပြန်ထမြောက်သောခရစ်တော်သည် များစွာသောသားများကို ဘုန်းတော်အထဲသို့ သူတို့ကို သန့်ရှင်းစင်ကြယ်စေခြင်းအားဖြင့် ဦးဆောင်နေကြောင်း ဖွင့်ပြထားသည်။

**IV. ဘုရားဆိုင်ရာသန့်ရှင်းစင်ကြယ်စေခြင်းသည် ဘုရားဆိုင်ရာစီမံကိန်းကို သယ်ဆောင်ခြင်း၌ ထိန်းချုပ်ပေးသည့်လမ်းကြောင်းဖြစ်ပြီး ယင်းမှာ ကျွန်ုပ်တို့ကို ဘုရားဆိုင်ရာ သားအရာသို့ရောက်စေခြင်း၊ ကျွန်ုပ်တို့ကို ကိုယ်တော်၏အသက်၌၊ ကိုယ်တော်၏သဘောသဘာဝ၌ (သို့သော် ကိုးကွယ်ခံအရာ၌မဟုတ်) ဘုရားကဲ့သို့ တူညီလာရန် ဘုရားသခင်၏သားများဖြစ်စေခြင်း ဖြစ်ကာ၊ ထိုသို့ဖြင့် ကျွန်ုပ်တို့ကို ဘုရားသခင်၏ထင်ရှားခြင်း ဖြစ်စေရန်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ သန့်ရှင်းစင်ကြယ်စေခြင်းသည် ဘုရားဆိုင်ရာ သားအရာသို့ရောက်စေခြင်းဖြစ်သည်။**

A. သန့်ရှင်းစင်ကြယ်စေခြင်းသည် ထိန်းချုပ်ပေးသောလမ်းကြောင်းဖြစ်သည်ဟု ကျွန်ုပ်တို့ပြောရခြင်းအကြောင်းမှာ ကျွန်ုပ်တို့နှင့်အတူ ဘုရားသခင့်အလုပ်၏ အဆင့်တိုင်းသည် ကျွန်ုပ်တို့ကို သန့်ရှင်းခြင်းဖြစ်စေရန်ဖြစ်သောကြောင့် ဖြစ်သည်။ ဘုရားသခင်၏ထာဝရစီမံကိန်းကို သယ်ဆောင်ခြင်းမှာ ဝိညာဉ်တော်၏ သန့်ရှင်းစင်ကြယ်စေခြင်းအားဖြင့် ဖြစ်သည် - ၁သက်၊ ၅း၂၃။ ယော၊၁၇း၁၇။ ဧ၊၅း၂၆-၂၇။ ၁ကော၊၆း၁၁။ ၁၂း၃ခ။ ဟေဗြဲ၊၁၂း၄-၁၄။ ရော၊၈း၂၈-၂၉။ ဧ၊၄း၃၀။ ၁သက်၊၅း၁၉။ ဗျာ၊၂း၇က။ ဆာ၊၇၃း၁၆-၁၇၊ ၂၅-၂၆။

B. အစပြုသော သန့်ရှင်းစင်ကြယ်စေခြင်းဖြစ်သည့် ရှာဖွေသော သန့်ရှင်းစင်ကြယ်စေခြင်းသည် ကျွန်ုပ်တို့ကို ဘုရားသခင်ထံသို့ ပြန်လည်ခေါ်ဆောင်ရန် နောင်တရခြင်းသို့တိုင် ဖြစ်သည် - ၁ပေ၊၁း၂။ လု၊၁၅း၈-၁၀၊ ၁၇-၂၁။ ယော၊၁၆း၈-၁၁။

C. အနေအထားဆိုင်ရာ သန့်ရှင်းစင်ကြယ်ပေးခြင်းဖြစ်သော ရွေးနုတ်သောသန့်ရှင်းစင်ကြယ်စေခြင်းသည် ခရစ်တော်၏အသွေးတော်အားဖြင့်ဖြစ်ပြီး၊ ကျွန်ုပ်တို့ကို အာဒံမှ ခရစ်တော်သို့ ပြောင်းရွှေ့ပေးရန်ဖြစ်သည် - ဟေဗြဲ၊၁၃း၁၂။ ၉း၁၃-၁၄။ ၁၀း၂၉။

D. ပင်ကိုစိတ်ဆိုင်ရာ သန့်ရှင်းစင်ကြယ်စေခြင်း၏ အစပြုဖြစ်သော အသစ်မွေးဖွားသော သန့်ရှင်းစင်ကြယ်စေခြင်းသည် ကျွန်ုပ်တို့ကို ကျွန်ုပ်တို့၏ဝိညာဉ်မှ အသစ်ပြုပြင်ပေးပြီး၊ အပြစ်သားများဖြစ်သော ကျွန်ုပ်တို့ကို ဘုရားသခင်၏သားများ - ဘုရားဆိုင်ရာအသက်နှင့် သဘောသဘာဝနှင့်အတူ ဖန်ဆင်းခြင်းအသစ် ဖြစ်စေသည် - ယော၊၁း၁၂-၁၃။ ၂ကော၊၅း၁၇။ ဂလ၊၆း၁၅။

E. ပင်ကိုစိတ်ဆိုင်ရာ သန့်ရှင်းစင်ကြယ်စေခြင်း၏ ဆက်လက်ဖြစ်ပွားခြင်းဖြစ်သော အသစ်ပြုပြင်သော သန့်ရှင်းစင်ကြယ်စေခြင်းသည် ကျွန်ုပ်တို့၏ အသိဉာဏ်မှ ကျွန်ုပ်တို့စိတ်၏ အပိုင်းအားလုံးသို့တိုင် ကျွန်ုပ်တို့၏စိတ်ကို အသစ်ပြုပြင်ပေးပြီး၊ ကျွန်ုပ်တို့၏စိတ်ကို ဘုရားသခင့်ဖန်ဆင်းခြင်းအသစ်၏ အစိတ်အပိုင်း ဖြစ်စေသည် - ရော၊၁၂း၂ခ။ ၆း၄။ ၇း၆။ ဧ၊၄း၂၃။ ယေ၊၈၊ ၃၆း၂၆-၂၇။ ၂ကော၊၄း၁၆-၁၈။

F. နေ့စဉ် သန့်ရှင်းစင်ကြယ်စေခြင်းဖြစ်သော ပုံသဏ္ဍာန်ပြောင်းလဲသော သန့်ရှင်းစင်ကြယ်စေခြင်းသည် ကျွန်ုပ်တို့ကို ခရစ်တော်၏ ဒြပ်သဘာဝဖြင့် ဇီဝတွင်းဖြစ်ပျက်မှုဆိုင်ရာ ပြန်လည်စေ့စပ်ထုံးဖွဲ့ပေးကာ၊ ခရစ်တော်၏ ရှင်သန်သောကိုယ်ခန္ဓာတော်၏ အစိတ်အပိုင်းအဖြစ် အသစ်သော စေ့စပ်ထုံးဖွဲ့မှု ဖြစ်စေသည် - ၁ကော၊၃း၁၂။ ၂ကော၊၃း၁၈။

G. ပုံသွင်းပေးသော သန့်ရှင်းစင်ကြယ်စေခြင်းဖြစ်သည့် သဏ္ဍာန်တူညီစေသောသန့်ရှင်းစင်ကြယ်စေခြင်းသည် ကျွန်ုပ်တို့ကို ခရစ်တော်၏ ထင်ရှားခြင်းဖြစ်စေရန် ဘုန်းထင်ရှားသော ခရစ်တော်၏ ပုံသဏ္ဍာန်တော်၌ ပုံသွင်းပေးသည်။ ကျွန်ုပ်တို့သဏ္ဍာန်တူညီခြင်းမှာ ဘုရားဆိုင်ရာအသက်၌ ကျွန်ုပ်တို့ရင့်ကျက်လာခြင်းဖြစ်ပြီး၊ ယင်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဘုရားဇာတိ၌ အပြည့်အဝ ပါဝင်ဆက်ဆံကာ၊ ကိုယ်တော်၏ဘုရားဆိုင်ရာဒြပ်သဘာဝကို ပိုင်ဆိုင်ခြင်း၌ ခိုင်မာကျစ်လစ်မှုရှိစေသည် - ရော၊၈း၂၈-၂၉။ ဟေဗြဲ၊၆း၁က။

H. ပြီးမြောက်ပြည့်စုံသော သန့်ရှင်းစင်ကြယ်စေခြင်းဖြစ်သည့် ဘုန်းထင်ရှားစေသော သန့်ရှင်းစင်ကြယ်စေခြင်းသည် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာကို အဆင်းသဏ္ဍာန်ပြောင်းလဲ၍ ကျွန်ုပ်တို့အား ပြည့်ဝခြင်း၌၊ ဘုန်းတော်၌ ခရစ်တော်၏ ထင်ရှားခြင်းဖြစ်စေရန် ကိုယ်ခန္ဓာကို ရွေးနုတ်ပေးသည် - ဖိ၊၃း၂၁။ ရော၊၈း၂၃။

V. **ဘုရားဆိုင်ရာ ပင်ကိုစိတ်ဆိုင်ရာ သန့်ရှင်းစင်ကြယ်စေခြင်းသည် အသက်ပေးသော၊ သန့်ရှင်းစင်ကြယ်စေသော၊ စကားပြောသော ဝိညာဉ်တော်အဖြစ် ခရစ်တော်အားဖြင့် သယ်ဆောင်ခြင်းဖြစ်သည် - ၁ကော၊၁၅း၄၅ခ။ ၁သက်၊၅း၂၃။ ဧ၊၅း၂၆။**

A. အသက်ပေးသောဝိညာဉ်တော်အဖြစ် ခရစ်တော်သည် အသင်းတော်ကို နှုတ်ကပတ်တော်ရှိရေ၏ ဆေးကြောပေးခြင်း အတိုင်း သန့်ရှင်းစေခြင်းအားဖြင့် သူမကို သန့်ရှင်းစင်ကြယ်စေသည်။ ဘုရားဆိုင်ရာ ခံယူချက်အရ ဤနေရာရှိ *ရေ* သည် စီးဆင်းသော ရေအားဖြင့် ပုံဆောင်ထားသော ဘုရားသခင်၏ စီးဆင်းနေသောသာအသက်ကို ရည်ညွှန်းသည် (ထွ၊၁၇း၆။ ၁ကော၊၁၀း၄။ ယော၊၇း၃၇-၃၉။ ဗျာ၊၇း၁၇။ ၂၁း၆။ ၂၂း၁၊ ၁၇)။ ယခု ကျွန်ုပ်တို့သည် ထိုသို့သော ဆေးကြောခြင်းဖြစ်စဉ်၌ ရှိနေကြပြီး၊ ယင်းသည် အသင်းတော်ကို သန့်ရှင်းခြင်းနှင့် အပြစ်အနာအဆာကင်းခြင်း ဖြစ်စေရန်အလို့ငှာ ဖြစ်သည်။

B. ဖေက် ၅း၂၆ ရှိ *ဆေးကြောခြင်း* အတွက် ဂရိစကားလုံးမှာ တိုက်ရိုက်အနက်အားဖြင့် *အင်တုံ* ဖြစ်သည်။ ဓမ္မဟောင်းကျမ်း၌ ယဇ်ပုရောဟိတ်များသည် သူတို့၏မြေကြီးဆိုင်ရာ ညစ်ပေမှုကို ဆေးကြောပစ်ရန် အင်တုံကို အသုံးပြုကြသည် (ထွ၊၃၀း၁၈-၂၁)။ တစ်နေ့ပြီးတစ်နေ့၊ နံနက်ခင်းနှင့် ညနေခင်းတို့၌ ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ထံလာပြီး၊ နှုတ်ကပတ်တော်ရှိ ရေ၏ အင်တုံအားဖြင့် ဆေးကြောခံရန် လိုအပ်သည်။

C. ပေါလုက နှုတ်ကပတ်တော်နှင့် ၎င်း၏ဆေးကြောခြင်းဖြစ်စဉ်အကြောင်းကို ပြောသည့်အခါ ဂရိစကားလုံး *ရေမာ* ကို အသုံးပြုသည် (ဧ၊၅း၂၆)။ လော့ဂေါ့စ်သည် အပြင်ပိုင်းဆိုင်ရာ၌ သမ္မာကျမ်းစာတွင် မှတ်တမ်းတင်ထားသည့် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်။ ရေမာသည် ကျွန်ုပ်တို့ထံ အထူးဖြစ်သော ဖြစ်ရပ်များ၌ ပြောဆိုသော ဘုရားသခင်၏နှုတ်ကပတ် စကားတော်ဖြစ်သည် (မာ၊၁၄း၇၂။ လု၊၃၅-၃၈။ ၅း၅။ ၂၄း၁-၈)။

D. အသက်ပေးသောဝိညာဉ်တော်အဖြစ် ခရစ်တော်သည် စကားပြောသောဝိညာဉ်တော်ဖြစ်သည်။ ကိုယ်တော်ပြောသမျှသည် ကျွန်ုပ်တို့ကို ဆေးကြောပေးသော နှုတ်ကပတ်တော်ပင်ဖြစ်သည်။ ဤအရာသည် အမြဲတည်သောနှုတ်ကပတ်တော်ဖြစ်သည့် လော့ဂေါ့စ်ကို ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ ချက်ချင်းဖြစ်သောစကား၊ သခင်ဘုရားက ကျွန်ုပ်တို့ထံသို့ လက်ရှိပြောသောစကား ဖြစ်သည့် ရေမာကို ရည်ညွှန်းသည် - မ၊၄း၄။ ယော၊၆း၆၃။ ဗျာ၊၂း၇။ ၂၂း၁၇က။ ညွှန်း၊ ဟေရှာ၊၆း၉-၁၀။ မ၊၁၃း၁၄-၁၅။ တ၊ ၂၈း၂၅-၃၁။

E. ရေမာသည် ကျွန်ုပ်တို့ထံ တစ်ဦးချင်းဆိုင်ရာ၊ တိုက်ရိုက်အနေဖြင့် တစ်စုံတစ်ရာကို ဖွင့်ပြနေသည်။ ၎င်းမှာ ကျွန်ုပ်တို့ဆက်ဆံ ဖြေရှင်းရန် လိုနေသည့်အရာ၊ ကျွန်ုပ်တို့ဆေးကြောခံရန် လိုအပ်နေသည့်အရာကို ပြသပေးသည် (ကြေးညိုအင်တုံသည် ရောင်ပြန်ဟပ်ကာ ထုတ်ဖော်ပေးနိုင်သည့် ကြည့်မှန်ဖြစ်သည် - ထွ၊၃၈း၈)။ ကျွန်ုပ်တို့အယောက်တိုင်းအတွက် အရေးကြီး သောအရာမှာ ဤအရာဖြစ်သည် - ယနေ့ ဘုရားသခင်သည် သူ၏စကားတော်ကို ကျွန်ုပ်တို့ထံ ပြောပါရဲ့လား? - ဗျာ၊၂း၇။ ၁ရှမွေ၊၃း၁၊ ၂၁။ အာ၊၃း၇။

F. ကျွန်ုပ်တို့အမြဲတန်ဖိုးထားသော တစ်ခုတည်းသောအရာမှာ သခင်ဘုရားသည် ကျွန်ုပ်တို့ထံ တစ်ဦးချင်းဆိုင်ရာ၊ တိုက်ရိုက် အနေဖြင့် ယနေ့ထိ စကားပြောနေဆဲဖြစ်ခြင်းပေတည်း။ ဟုတ်မှန်သော အသက်၌ကြီးထွားခြင်းသည် ကျွန်ုပ်တို့က ဘုရား သခင်ထံမှ စကားတော်ကို တိုက်ရိုက်လက်ခံရရှိခြင်းအပေါ်တွင် မူတည်သည်။ ကျွန်ုပ်တို့၌ ကိုယ်တော်၏ စကားပြောခြင်း သည်သာလျှင် ဟုတ်မှန်သော ဝိညာဉ်ရေးရာ တန်ဖိုးရှိမည်ဖြစ်သည် - ဟေဗြဲ၊၃း၇-၁၁၊ ၁၅။ ၄း၇။ ဆာ၊၉၅း၇-၈။

G. ကျွန်ုပ်တို့ဆုတောင်းခြင်းများ၏ အလယ်ဗဟိုကျသောအချက်မှာ ကျွန်ုပ်တို့က သခင်ဘုရား၏စကားပြောခြင်းကို တောင့်တပြီး ယင်းသည် ကျွန်ုပ်တို့အား ကိုယ်တော်၏ဘုရားဆိုင်ရာ သားအရာကို ရရှိရန် ကိုယ်တော်၏စိတ်နှလုံးတော် အလိုဆန္ဒအတိုင်း ကိုယ်တော်၏ထာဝရစီမံကိန်းပန်းတိုင် ပြီးပြည့်စုံစေခြင်းငှာ တတ်စွမ်းစေသည် - လု၊၁း၃၈။ ၁၀း၃၈-၄၂။ ဧ၊၁း၅။

H. အလွန်လက်တွေ့ကျစွာဆိုရလျှင် သခင်ဘုရား၏မျက်မှောက်တော်သည် ကိုယ်တော်၏စကားပြောခြင်းနှင့် တစ်ခုတည်းဖြစ် သည်။ ကိုယ်တော်စကားပြောသောအခါတိုင်း ကျွန်ုပ်တို့အတွင်း၌ ကိုယ်တော်၏မျက်မှောက်တော်ရှိနေကြောင်း ကျွန်ုပ်တို့သိ နားလည်ကြသည်။ ခရစ်တော်၏စကားပြောခြင်းသည် အသက်ပေးသောဝိညာဉ်တော်၏ မျက်မှောက်တော်ပင် ဖြစ်ပေသည် - ညွှန်း၊ ထွ၊၃၃း၁၂-၁၇။ ဟေဗြဲ၊၁း၈။

I. အသက်ပေးသောဝိညာဉ်တော်အဖြစ် ကိန်းဝပ်နေသော ခရစ်တော်၏ စကားပြောခြင်းသည် ဆေးကြောပေးသောရေဖြစ်ပြီး၊ ယင်းသည် ကျွန်ုပ်တို့၏သဘောသဘာဝနှင့် ပင်ကိုစိတ်ရှိ ဟောင်းသောဒြပ်သဘာဝကို အစားထိုးရန် ကျွန်ုပ်တို့အထဲသို့ ဒြပ်သဘာဝအသစ်ကို ပေါင်းထည့်ပေးသည်။ ဤဇီဝတွင်းဖြစ်ပျက်မှုဆိုင်ရာ ဆေးကြောခြင်းသည် စစ်မှန်သော၊ အတွင်းပိုင်းဖြစ်သော အသက်၌ပြောင်းလဲခြင်းကို ဖြစ်ပေါ်စေပြီး၊ ယင်းသည် ပင်ကိုစိတ်ဆိုင်ရာ သန့်ရှင်းစင်ကြယ်စေခြင်းနှင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်း၏ စစ်မှန်ခြင်းဖြစ်သည်။

**VI. ဘုရားဆိုင်ရာ သားအရာအတွက် ကျွန်ုပ်တို့သန့်ရှင်းစင်ကြယ်ခံရခြင်းသည် အဆုံးစွန်အနေဖြင့် သန့်ရှင်းသောမြို့တော် (ဗျာ၊၂၁း၂၊ ၁၀) နှင့် ဘုရားဆိုင်ရာသားအရာ၏ စုစုပေါင်း (အငယ်၊၇) အဖြစ် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံသည်။ ဤသည်မှာ ဘုရားသခင်သည် အသွေးအသား၌ လူတစ်ဦးဖြစ်လာ၍၊ လူကို ဝိညာဉ်တော်၌ ဘုရားဖြစ်လာစေကာ၊ ထိုသို့ဖြင့် စုပေါင်းထားသော၊ ကြီးမားသော ဘုရား-လူ (အငယ်၊၃၊ ၂၂) ကို သုံးပါးတစ်ပါးဘုရား၏ စုပေါင်းထားသော ထင်ရှားခြင်း၊ ဘုန်းတော်အတွက် ရယူခြင်း (အငယ်၊၁၁၊ ၂၃) ၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည်။**

*© 2023 Living Stream Ministry*